**(၁) ငှက်မျက်စိကွက်ရောဂါ (Bird's eye spot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Bipolaris heveae* (Petch) von Arx (*Drechslera heveae (Petch) M.B.Ellis*)**

**ရောဂါလက္ခဏာများ**

အရွက်ပေါ်တွင်သေးငယ်သော အညိုရင့်ရောင်အနားရစ်များပါသည့် တစ်ရှူးသေကွက်လေးများ ဖြစ်ပေါ်သည်။ ရောဂါပြင်းထန်ပါက အရွက်ကြွေခြင်းနှင့်ကိုင်းဖျားခြောက်ခြင်းတို့ဖြစ်နိုင်သည်။ ပျိုးပင်အဆင့်တွင် ရောဂါကိုခံနိုင်ရည်မရှိပေ။





ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါကျရောက်မှုလျော့နည်းစေရန် ပျိုးပင်များအားအရိပ်ရအောင်လုပ်ပေးပါ။
- ပျိုးပင်ကျန်းမာသန်စွမ်းစေရန် အဟာရဓါတ်မျှတလုံလောက်အောင်ကျွေးပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း) Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Mancozeb (မန်ကိုဇက်)၊ Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Copper hydroxide (ကော့ပါးဟိုက်ဒရောဆိုဒ်) စသော မှိုသတ်ဆေးများဖြင့် အသုံးပြုနှိမ်နင်းနိုင်သည်။